ဩဂုတ် ၂၉၊ ၂၀၂၂

**သတင်းထုတ်ပြန်ချက်**

# မြန်မာနိုင်ငံရှိ Y Complex စီမံကိန်းနှင့် ပတ်သက်၍ အဓိက အစုရှယ်ယာရှင် ၈ ဦး၏ တုံ့ပြန်ချက် လူ့အခွင့်အရေးချိုးဖောက်မှုများကို ကာကွယ်တားဆီးနိုင်ရေး ရင်းနှီးမြှုပ်နှံသူများ ပိုမိုလုပ်ဆောင်ရန် လိုအပ်


Mekong Watch

Friends of the Earth Japan

Justice For Myanmar

Network Against Japan Arms Trade (NAJAT)

ayus:Network of Buddhists Volunteers on International Cooperation

Japan International Volunteer Center (JVC)

Pacific Asia Resource Center (PARC)

Human Rights Now


ဂျပန်ကုမ္ပဏီတွေနဲ့ မြန်မာစစ်တပ်အကြား စီးပွားရေးဆက်ဆံမှုတွေအပေါ် နက်နက်ရှိုင်းရှိုင်း စိုးရိမ်နေတဲ့ အရပ်ဘက် အဖွဲ့အစည်း ၈ ဖွဲ့က Tokyo Tatemono Co., Ltd သို့မဟုတ် Daiwa House Industry Co., Ltd တွေမှာ အစုရှယ်ယာ ကိုင်ဆောင်ထားတဲ့ ရင်းနှီးမြှုပ်နှံသူ (၁၀၁) ဦးဆီကို မေလ ၂၄ ရက်၊ ၂၀၂၂ ရက်စွဲနဲ့ စာတစ်စောင် ပေးပို့ခဲ့ပါတယ်။ ကုမ္ပဏီနှစ်ခုက အကောင်အထည်ဖော်နေတဲ့ ရန်ကုန်မြို့ရဲ့ အိမ်ခြံမြေ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း ("Y Complex") နဲ့ ပတ်သက်ပြီး၊ Tokyo Tatemono နဲ့ Daiwa House Industry တို့ဟာ မြန်မာစစ်တပ်ရဲ့ ဆိုးရွားတဲ့ လူ့အခွင့်အရေး ချိုးဖောက်မှုတွေမှာ ရောယှက်နေနိုင်တယ်လို့ ထောက်ပြထားပြီး Y Complex ကနေ စစ်တပ်ကို အကျိုးမဖြစ်ထွန်းစေဖို့ ကုမ္ပဏီနှစ်ခုအပေါ် အရေးယူဆောင်ရွက်ဖို့ တောင်းဆိုထားပါတယ်။ ကုမ္ပဏီတွေအနေနဲ့ လုံလောက်တဲ့ အရေးယူဆောင်ရွက်တာတွေ မလုပ်ဆောင်ခဲ့ရင် ကော်ပိုရိတ် ရင်းနှီးမြှုပ်နှံသူတွေအနေနဲ့ ကုမ္ပဏီတွေကနေ နုတ်ထွက်ဖို့ စဉ်းစားကြရမယ်လို့ စာမှာ ထပ်လောင်း တောင်းဆိုထားပါတယ်။

ယနေ့အထိ ကျွန်ုပ်တို့ရဲ့စာကို လက်ခံရရှိပြီးနောက် တုံ့ပြန်မှုအနေနဲ့ သက်ဆိုင်ရာကုမ္ပဏီနဲ့ စေ့စပ်ညှိနှိုင်း ခဲ့ကြောင်းဖော်ပြချက်တစ်ခုအပါအဝင် ကော်ပိုရိတ်ရင်းနှီးမြှုပ်နှံသူ ၈ ဦးဟာ ခိုင်မာတဲ့ အကြောင်းပြန်စာတွေ ပေးပို့ခဲ့ကြပါတယ်။ ရင်းနှီးမြှုပ်နှံသူ ၂ ဦး က ကုမ္ပဏီတွေနဲ့ ထိတွေ့ဆက်ဆံဖို့ စဉ်းစားမယ်လို့ အကြောင်းပြန်ခဲ့ပါတယ်။ ဒါပေမယ့် အခြား ၅ ဦးက ကျွန်ုပ်တို့ရဲ့တောင်းဆိုချက်

တွေကို တုံ့ပြန်တာမဟုတ်ပဲ သူတို့မှာ လူ့အခွင့်အရေးမူဝါဒတွေ ပြဋ္ဌာန်းထားကြောင်းကို ရှင်းပြထားကြပြီး ကုမ္ပဏီနှစ်ခုနဲ့ ပတ်သက်မှု ရှိမရှိ အပါအဝင် ၎င်းတို့ရဲ့ ဘာတွေကြိုးပမ်းဆောင်ရွက်ထားပါတယ်ဆိုတဲ့ အသေးစိတ်အချက်အလက်တွေကို ထုတ်ဖော်ပြောတာမျိုး မရှိပါဘူး။

စီမံကိန်းကုမ္ပဏီ Y Complex Company Ltd က မြန်မာကော်ပိုရေးရှင်းတစ်ခုဖြစ်ပါတယ်။ အစုရှယ်ယာ ၈၀ ရာခိုင်နှုန်းကို စင်ကာပူကော်ပိုရေးရှင်းတစ်ခုဖြစ်တဲ့ Yangon Museum Development Pte YMD က ပိုင်ဆိုင်ပြီး၊ ကျန် ၂၀ ရာခိုင်နှုန်းကို မြန်မာကော်ပိုရေးရှင်းဖြစ်တဲ့ Yangon Technical and Trading Company Ltd. (YTT) ကပိုင်ဆိုင်ထားတာပါ။ <u>YMD</u> ကို Tokyo Tatemono ၊ Fujita Corporation (Daiwa House Industry ရဲ့ လုပ်ငန်းခွဲ) နဲ့ Japan Overseas Infrastructure Investment Corporation for Transport and Urban Development (JOIN) တို့ ပူးပေါင်းတည်ထောင်ခဲ့ပါတယ်။ JOIN က ရင်းနှီးမြှုပ်နှံမှုတွေနဲ့ ကြွေးမြီအာမခံချက်အပြင် အစိုးရပိုင် Japan Bank for International Cooperation (JBIC) ရဲ့ ချေးငွေနဲ့ စီမံကိန်းမှာ ဂျပန်နိုင်ငံရဲ့ အများပိုင်ဘဏ္ဍာငွေတွေကို ရင်းနှီးမြှုပ်နှံထားကြောင်း ညွှန်ပြနေပါတယ်။ အဲဒီစီမံကိန်းကို စစ်တပ်အမည်ပေါက်မြေပေါ်မှာ ငှားရမ်းလုပ်ကိုင်တာဖြစ်ပြီး တည်ဆောက်-လုပ်ကိုင်-လွှဲပြောင်း ဘီအိုတီ BOT သဘောတူညီချက်နဲ့ မြေငှားရမ်းခတွေကို စစ်ထောက်ချုပ်ရုံးကို ပေးဆောင်နေတာဖြစ်ပါတယ်။ စစ်ထောက်ချုပ်ရုံးဟာ မြန်မာစစ်တပ်အတွက် ဝယ်ယူရေးမှာ အဓိကတာဝန်ယူထားပါတယ်။ မြန်မာစစ်တပ်နဲ့ စစ်ထောက်ချုပ်ရုံးကို မြေငှားရမ်းခ ပေးဆောင်နေတာဟာ အကြမ်းဖက်စစ်အုပ်စုရဲ့ နိုင်ငံတကာရာဇဝတ်မှုတွေနဲ့ နိုင်ငံသားတွေကို သတ်ဖြတ်တာ၊ မတရားဖမ်းဆီးတာ၊ လိင်အကြမ်းဖက်တာတွေမှာ ပူးပေါင်းပါဝင်နေတာပဲ ဖြစ်ပါတယ်။ အမေရိကန်၊ ယူကေနဲ့ ကနေဒါ တို့က စစ်ထောက်ချုပ်ရုံးကို ပိတ်ဆို့အရေးယူမှုတွေ ချမှတ်ထားပါတယ်။

မြန်မာဘာသာနဲ့ ရေးထားတဲ့ <u>တရားဝင်စာရွက်စာတမ်းတွေအရ</u> မြေငှားရမ်းခ တစ်နှစ်ကို အမေရိကန်ဒေါ်လာနှစ်သန်းခန့် (JPY သန်း ၂၃၀ ခန့်) ဖြစ်ပြီး စာချုပ်သက်တမ်း နှစ် ၅၀ အတွက် ပေးချေရမှာ ဖြစ်ပါတယ်။ ၂၀၂၂ ခုနှစ် ဧပြီလအထိ ငွေပေးချေတာ မပြုလုပ်ရသေးပေမယ့် အာဏာသိမ်းဖို့ ကြိုးပမ်းကတည်းက Tokyo Tatemono နဲ့ Daiwa House Industry တို့ဟာ ပြင်းထန်တဲ့ လူ့အခွင့်အရေးချိုးဖောက်မှုတွေနဲ့ပတ်သက်ပြီး အရပ်ဘက်အဖွဲ့အစည်းတွေ မေးခွန်းထုတ်ထားတဲ့ စိုးရိမ်ပူပန်မှုတွေကို တိကျသေချာတဲ့ အဖြေမပေးခဲ့ကြဘဲ ၎င်းတို့ဟာ စီမံကိန်းက နုတ်ထွက်တာ မရှိသေးပါဘူး။

မြန်မာနိုင်ငံမှာ စစ်တပ်ရဲ့အကြမ်းဖက်မှုတွေ ဆက်ပြီး တိုးလာနေပါတယ်။ ဒီမိုကရေစီရေး တက်ကြွလှုပ်ရှားသူတစ်ဦးနဲ့ လွှတ်တော်အမတ်ဟောင်းတစ်ဦးတို့ကို တရားမဝင်စစ်ကောင်စီရဲ့ စစ်ခုံရုံးက “သေဒဏ်”ချမှတ်ခဲ့ပြီး ဇူလိုင်လ နှောင်းပိုင်းမှာ စီရင်ခဲ့ပါတယ်။ Y Complex စီမံကိန်းနဲ့

ပတ်သက်ပြီး နိုင်ငံတကာအသိုင်းအဝိုင်းက ပြင်းပြင်းထန်ထန်ဝေဖန်တာတွေ ရှိနေပါတယ်။ မြန်မာနိုင်ငံမှာ လူ့အခွင့်အရေးနဲ့ပတ်သက်ပြီး နှစ်ပေါင်းများစွာ လုပ်ဆောင်လာခဲ့တဲ့ Progressive Voice က Y Complex ဟာ ဂျပန်နိုင်ငံအနေနဲ့ လူ့အခွင့်အရေးနဲ့ ဒီမိုကရေစီအရေးထက် သူတို့ရဲ့ အကျိုးစီးပွားကို ဦးစားပေးလုပ်ဆောင်နေတဲ့အကြောင်း ထင်ရှားတဲ့ နမူနာတခုဖြစ်တယ်လို့ ဖော်ပြခဲ့ပါတယ်။ Tokyo Tatemono နှင့် Daiwa House Industry တို့ဟာ စစ်ထောက်ချုပ်ရုံးကို ငှါးရမ်းခပေးချေဖို့ သဘောတူထားတဲ့ စာချုပ်မှာပါနေတဲ့ ဝတ္တရားတွေကို ပြန်ရုပ်သိမ်းရမှာ ဖြစ်ပါတယ်။ ဒါ့အပြင် ကျွန်ုပ်တို့ပေးပို့ထားတဲ့ စာကို တုံ့ပြန်မှုမရှိကြ သို့တည်းမဟုတ် သူတို့ရဲ့ လူ့အခွင့်အရေးမူဝါဒတွေကို အာရုံစိုက်ရင်ရပြီလို့ ခံယူကြတဲ့ အစုရှယ်ယာရှင်အများစုအနေနဲ့ အခုထက်ပိုပြီး ဖိအားပေးလုပ်ဆောင်ကြဖို့ လိုအပ်ပါတယ်။ အကြမ်းဖက်မြန်မာစစ်အုပ်စုနဲ့ သူတို့ရဲ့ စီးပွါးရေးဆက်ဆံမှုတွေအားလုံးကို ဖြတ်တောက်ကြဖို့အတွက် ကုမ္ပဏီတွေနဲ့ ဆက်လက်တိုက်တွန်း ဆောင်ရွက်ကြဖို့ အစုရှယ်ယာရှင် အားလုံးကို တောင်းဆိုထားပါတယ်။

**အသေးစိတ်အချက်အလက်များကို သိရှိနိုင်ရန်**

မြန်မာနိုင်ငံရှိ Y Complex စီမံကိန်းတွင် ပါဝင်သည့် ကုမ္ပဏီများနှင့် မေးမြန်း တိုက်တွန်းမှုပြုလုပ်ရန် တောင်းဆိုချက် (မေ-၂၄၊၂၀၂၂)
http://www.mekongwatch.org/report/burma/mbusiness/20220524Letter_Eng.pdf

စာလက်ခံသူ (၁၀၁) ဦးစာရင်း
http://www.mekongwatch.org/report/burma/mbusiness/20220524List.pdf

**ဆက်သွယ်ရန်**

Mekong Watch
3F Aoki Bldg., 1-12-11 Taito, Taito-ku, Tokyo 110-0016 Japan
Phone: +81-3-3832-5034
E-mail: contact(@)mekongwatch.org